winning way

UMG

# Winning Way Co.,Ltd
## Good Issue

Document Number : WW-GIA-25060219
Document Date : 2025-06-23 14:30:59
Ref No : HP-BSO-UNT-2025-06-0001
Currency : USD

Customer/Company Name : SHWE SIN CHUE CINEMA
Contact Person : HTAUT SHU,U(3/MAWATHA(N)001644)
Tel No : 0977781119009777811190
Fax No :
Email :
Address : QUARTER(2),BOJYOKE STREET,MYAWADDY TOWNSHIP Tel: 09777811190

| No | Brand | Product/Model | Description | Qty | UOM | Lot/Serial Number |
|---|---|---|---|---|---|---|
| 1 | MATADOR | MATADOR GENERATORMW-70PS | MATADOR GENERATOR | 1.00 | Unit | 2404136671F |

Status : BU/Warehouse( done )
Note : Machine Info ; MW-70PS(63KVA)
(Silent type)(1Unit)
Sale From HPN BR.
Job Site Location - QUARTER(2),BOJYOKE STREET,MYAWADDY TOWNSHIP
Warranty - 1Years or 1000Hrs start from the date of delivery whichever come first.

| Prepared By | Acknowledge By | Approved By | Received By |
|---|---|---|---|
| [signature] | [signature] | [signature] | [signature] |
| BU/BR Sale Admin | BU/BR FNA<br>Win Thidar | BOH/ABOH/GM/AGM | Transporter/Customer |

No 592,Bo Aung Kyaw Street ,Yangon-Pathein highway road,Hlaing Thar Yar Township,Yangon
Tel : + 95(1) 645 176-182, 685 959

CS CamScanner

**Winning Way Co.,Ltd**
**Sale Invoice**

| | | | | | |
|---|---|---|---|---|---|
| Customer Name | : SHWE SIN CHUE CINEMA | | Invoice No | : | WW-UNT-SI-25060003 |
| Phone No | : 0977781119009777811190 | | Date | : | 2025-06-23 |
| Fax | : | | Ref No | : | WW-GIA-25060219 |
| Email | : | | Currency | : | USD |
| Address | : QUARTER(2),BOJYOKE STREET,MYAWADDY TOWNSHIP Tel: 09777811190 | | Related To | : | HP-BSO-UNT-2025-06-0001 |
| Sale Man | : ZAYAR HTET | | Tax Type | : | tax_in |

| No | Brand | Product | Machine Model | Description | Lot/Serial No | UOM | Qty | Price | Tax Rate | Dis(%) | Amount |
|---|---|---|---|---|---|---|---|---|---|---|---|
| 1 | MATADOR | MATADOR GENERATOR | MW-70PS | MATADOR GENERATOR MW-70PS | 2404136671F | Unit | 1.00 | 13,500.00 | 5.00 | | 13,500.00 |

| | |
|---|---|
| Subtotal | : 12,857.14 |
| Commercial Tax | : 642.86 |
| Total Amount | : 13,500.00 |
| Paid Amount | : 8175.82 |
| Due Amount | : 5324.18 |

**Note** : USD 8175.82) down payment Upon CCO and
USD 5324.18 Remaining amount
After Machine Delivery 3 Month Installment 1 month 1 time( No Collectral & No Interest)
1st Payment( $-1774.73/-)(July'25)
2nd Payment( $-1774.73/-)(Aug'25)
3rd Payment( $-1774.72/-)(Sept"25)
RV Information : 2025-06-16, WW-RV-25060014 ,USD
8175.82*Rate4550@MMK37,200,000

Machine Info ; MW-70PS(63KVA)
(Silent type)(1Unit)
Sale From HPN BR.
Job Site Location - QUARTER(2),BOJYOKE STREET,MYAWADDY TOWNSHIP
Warranty - 1Years or 1000Hrs start from the date of delivery whichever come first.

| Prepared By | Checked By | Approved By | Received By |
|---|---|---|---|
| (FNA PIC) | FNA Head | GM / AGM | Customer |
| Win Thida | Lwin Aung | | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
နှစ်ရာ့ငါးဆယ်ကျပ်
၂၅၀ကျပ် K 250

( ၁ )

**"မီးစက်အငှားရောင်း- နှစ်ဦးသဘောတူကတိစာချုပ်"**

**Brand New Matador Generator MW-70PS (Silent Type) 63KVA (1)Unit**

**(So No. HP-BSO-UNT-2025-06-0001)**

**(Sr No. )**

**Contract No. WF-HS-291/2025**

၂၀၂၅ခုနှစ်၊ ဇွန်လ (၂၀)ရက်နေ့တွင် ဘားအံမြို့၌အောက်အမည်ပါသူတို့က Brand New Matador Generator MW-70PS (Silent Type) 63KVA (1)Unit မီးစက်အငှားရောင်းသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆို ကြသည်မှာ-

မီးစက်အငှားရောင်းချသူ ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်- ၁၂/မရက(နိုင်)၁၁၄၄၁၁
(for and on the behalf of Winning Way Co., Ltd.)
အမှတ်(၁၁၈၄)၊ ဘားအံ-ထုံးအိုင်၊ ထောင်ဝိကွင်း၊ ဘားအံမြို့။

မီးစက်အငှားဝယ်ယူသူ ။ ။ ဦးထောက်ရှ (ဘ) ဦးချိုင်လျှို
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်- ၃/မဝတ(နိုင်)၀၀၁၆၄၄
လုပ်ငန်းအမည် — SHWE SIN CHUE CINEMA
လိပ်စာ- ဗိုလ်ချုပ်လမ်း၊ အမှတ်(၂)ရပ်ကွက်၊ မြဝတီမြို့။
ဖုန်းနံပါတ်— ၀၉-၇၇၇၈၁၁၁၉၀။

(မီးစက်အငှားရောင်းချသူနှင့် မီးစက်အငှားဝယ်ယူသူဟူသော စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၎င်းတို့၏ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

၁။ အငှားရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် Brand New Matador Generator MW-70PS (Silent Type) 63KVA (1)Unit မီးစက် အတွက် တန်ဖိုးငွေ USD – 13,500/- (USD – Thirteen Thousand and Five Hundred Only) (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်ဈေးနှုန်း) ကို Landed Customer Site နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြု ကမ်းလှမ်းလာသည်ကို အဆိုပါတန်ဖိုးဖြင့်ပင် ဝယ်ယူရန် မီးစက်ဝယ်ယူသူ မှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူစာချုပ်ချုပ်ဆို၍ မီးစက်ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများ အတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူရောင်းချလိုက်ပါသည်။

၂။ ဤစာချုပ်ပါ "မီးစက်" ဟူသောစကားရပ်တွင် အငှားရောင်းချသည့်မူလမီးစက်နှင့် စက်အပိုပစ္စည်းများ၊ အငှား ရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် အငှားဝယ်ယူသူမှ မိမိသဘောအလျောက် အငှားရောင်းချသူ၏ ခွင့်ပြုချက်မရရှိပဲ လဲလှယ်တပ်ဆင်ထားသည့် မီးစက်နှင့်စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

၃။ ရောင်းချသူကမိမိရောင်းချသော Brand New Matador Generator MW-70PS (Silent Type) 63KVA (1)Unit မီးစက်သည်အသစ်ဖြစ်ကြောင်းနှင့် ယင်းမီးစက်အား (၁)နှစ် (သို့မဟုတ်)နာရီပေါင်း (၁,၀၀၀) စေ့ရောက် အသုံးပြုပြီး သည်အထိအာမခံပါသည်။ စေ့ရောက်သည့်နေ့ဆိုသည်မှာ စတင်ဝယ်ယူချိန်မှစ၍ တစ်နှစ် ပြည့်မြောက်သောနေ့ (သို့မဟုတ်) အသုံးပြုနာရီ(၁,၀၀၀) ပြည့်သည့်ကာလ (နှစ်)ခုအနက် စောစွာသောရက်ကို သတ်မှတ်ခြင်းဖြစ်ပါသည်။

၄။ ထိုအာမခံသည့်ကာလအတွင်း အငှားဝယ်ယူသူ(သို့မဟုတ်) အငှားဝယ်ယူသူ၏ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း (Spare Parts) တစ်စုံတစ်ရာ အစားထိုးလဲလှယ်ပေးရပါက အငှားဝယ်ယူသူကအဆိုပါ ပစ္စည်း၏တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။

စာမျက်နှာ(၂)သို့

CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250



၅။ အငှားရောင်းချခဲ့သောမီးစက်ကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့် နေ့ရက်မှစ၍(၁)လအတွင်း ပစ္စည်းလွှဲပြောင်းလက်ခံရယူရမည်။ စာချုပ်ချုပ်ဆိုသည့်နေ့မှ(၂)လအတွင်း ပစ္စည်းလွှဲပြောင်းလက်ခံရယူခြင်းမရှိပါက အခြားဝယ်ယူမည့်သူများသို့ မီးစက်ကိုလွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်းလက်ခံရရှိသည့်အခါမှသာ မီးစက်ကိုရရှိနိုင်မည်ဖြစ်ကြောင်း အငှားဝယ်ယူသူမှ သဘောတူညီပါသည်။

၆။ အငှားဝယ်ယူသူသည် အငှားရောင်းချသူကသတ်မှတ်ထားသော အရစ်ကျငွေပေးချေပြီးမှသာလျှင် ယင်းမီးစက်၏ ပိုင်ဆိုင်မှု (Title of Ownership) သည် အငှားဝယ်ယူသူ၏ လက်ဝယ်သို့ ရောက်ရှိသည်ဟု သဘောပေါက်နားလည်ပါသည်။ အကယ်၍သတ်မှတ်အရစ်ကျငွေများကို ပေးချေရန်ပျက်ကွက်၍ စာချုပ်ပျက်ပြယ်ပါက ပေးပြီးသောတင်သွင်းငွေနှင့် အရစ်ကျငွေများသည် ငှားရမ်းခဟုသတ်မှတ်ခြင်းကို သဘောတူညီလျက် အငှားဝယ်ယူထားသောမီးစက်ကို အချိန်အခါမရွေး ပြန်လည်သိမ်းယူခြင်းခံရမည်ကို သဘောတူလက်ခံပါသည်။

၇။ <u>အငှားရောင်းချသူ၏ တာဝန်နှင့်အခွင့်အရေးများ</u>

(က) အငှားရောင်းချသူက မိမိရောင်းချသောမီးစက်အား သတ်မှတ်ထားသောစည်းကမ်းနှင့်အညီ စိတ်အေးချမ်းသာစွာအသုံးချနိုင်အောင်လိုအပ်သည်များကိုဆောင်ရွက်လျက် ရောင်းချသည့်သတ်မှတ်ရက်တွင် လက်ရောက်ပေးအပ်ရပါမည်။

(ခ) အာမခံကတိပေးထားသည့်အတိုင်းလိုအပ်သည့်အခါတွင်ဝန်ဆောင်မှုကိုပြည့်ဝစွာဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

(ဂ) အငှားဝယ်ယူသူက နောက်ဆက်တွဲ' က''ပါ စည်းကမ်းများကိုဖောက်ဖျက်၍ အရစ်ကျပေးရန် ပျက်ကွက်ခြင်းရှိခဲ့လျှင် အရစ်ကျပေးရန် <u>ပျက်ကွက်သည်နှင့်တစ်ပြိုင်နက်</u> အငှားရောင်းချသူက အငှားရောင်းချစာချုပ်ကို ဖျက်သိမ်းစေခြင်းနှင့် အငှားရောင်းချသည့်မီးစက်အား ပြန်လည်သိမ်းယူမည်ဖြစ်ပါသည်။

(ဃ) အငှားဝယ်ယူသူထံမှ အရစ်ကျပေးငွေအားလုံးကိုလက်ခံရရှိပြီးပါက ငွေအကြေအရောင်းအဝယ်စာချုပ်ကို ထပ်မံချုပ်ဆိုပေးပါမည်။

(င) အငှားရောင်းချသူမှ ရောင်းချသည့်မီးစက်သည် ၎င်းတစ်ဦးတည်းပိုင်ဖြစ်၍ မည်သည့်အရှုပ်အရှင်း ကြွေးမြီမှုမရှိကြောင်း ဝန်ခံကတိပြုပါသည်။

၈။ <u>အငှားဝယ်ယူသူ၏ တာဝန်နှင့်အခွင့်အရေးများ</u>

(က) အငှားဝယ်ယူသူသည် မိမိဝယ်ယူသည့်မီးစက်ကို လက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးလက်ခံရမည်။

(ခ) အငှားဝယ်ယူသူသည် အာမခံသည့်ကာလအတွင်း မိမိဝန်ထမ်းများ၏ တာဝန်ပျက်ကွက်မှုကြောင့်မဟုတ်လျှင် အခမဲ့ပြင်ဆင်ပေးသည်ကိုရရှိမည်။ ပြင်ဆင်ပေးရာတွင် အငှားရောင်းချသူ၏ဝန်ထမ်းများမှ ကုမ္ပဏီ၏တည်ရှိရာ နေရာနှင့် မိုင်(၄၀)အကွာအဝေးအတွင်း အငှားရောင်းချသည့်မီးစက်ကို ပြင်ဆင်ပေးရပါက ပြင်ဆင်ပေးမည့် ဝန်ထမ်းများ၏ စရိတ်ကိုပေးအပ်ရန်မလိုပါ။

(ဂ) မီးသင့်လောင်ခြင်း၊ မုန်တိုင်းကျခြင်း၊ ရေလွှမ်းမိုးခြင်းနှင့် အခြားမလွန်ဆန်နိုင်သော သဘာဝဘေးအန္တရာယ်အကြောင်းများကြောင့် မီးစက်ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်လာခဲ့ပါက နစ်ဖက်ညှိနှိုင်းဆွေးနွေး၍ မီးစက်တန်ဘိုးကို အငှားဝယ်ယူသူမှ ပြန်လည်ပေးလျော်ရမည်ဖြစ်ကြောင်း သိရှိသဘောတူပါသည်။

(ဃ) အငှားဝယ်ယူသည့်မီးစက်ကို ငွေအပြေအကြေမပေးချေမီကာလအတွင်း ဤစာချုပ်တွင်အဆိုပြုထားသည့် နေရာတွင်သာအသုံးပြုရမည်။ နေရာပြောင်းရွှေ့အသုံးပြုလိုပါက အငှားရောင်းချသူ၏ ခွင့်ပြုသဘောတူညီမှုဖြင့်သာ နေရာပြောင်းရွှေ့ခွင့်ရှိသည်။

(င) အငှားဝယ်ယူသည့်မီးစက်ကို ဥပဒေနှင့်မညီသည့်မည်သည့်ကိစ္စတွင်မှအသုံးမပြုရ။ ယင်းသို့အသုံးပြုခြင်းကြောင့် အငှားရောင်းချသူတွင် ဆုံးရှုံးနစ်နာမှုတစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ပါက အငှားဝယ်ယူသူမှ မီးစက်တန်ဖိုးပြည့်မီအောင် ပေးလျော်ပါမည်ဟု သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

(စ) အငှားဝယ်ယူသူအနေဖြင့် မိမိစိတ်တိုင်းကျကြည့်ရှုစစ်ဆေးပြီးမှ ဝယ်ယူသည့်အတွက်စရံငွေကို ပြန်လည်တောင်းခံခြင်းမပြုသကဲ့သို့ ပေးသွင်းရမည့်အရစ်ကျငွေအားလုံးကို သတ်မှတ်ထားသည့်ကာလအတွင်း မှန်မှန်ပေးချေရန်တာဝန်ရှိကြောင်း သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

(ဆ) အငှားဝယ်ယူသူသည် အရစ်ကျပေးချေရမည့်ကျသင့်သည့်ငွေများကို သတ်မှတ်ထားသောကာလအတွင်း အပြေအကြေပေးချေရန်ပျက်ကွက်ပါက ရောင်းချသည့်ကုမ္ပဏီ၏ ငွေကြေးလည်ပတ်စီးဆင်းမှု နှောင့်နှေးကြန့်ကြာစေသည့်အတွက် နစ်နာမှုရှိသည့်အားလျော်စွာ အငှားဝယ်ယူသူက နစ်နာကြေးအဖြစ်ပေးဆောင်ရန် ကျန်ရှိသည့်တန်ဖိုးငွေ၏ (၅%) တွက်ချက်၍ ပေးရမည်ဖြစ်သည့်အပြင် ကျန်ငွေပေး[illegible](၁)လတိတိ ဆက်လက်ပျက်ကွက်ပါက မီးစက်တွင်ပါရှိသော (Control Module/EFC Card/ECU/AVR) တို့[illegible]သိမ်းမည်ဖြစ်သည်။

စာမျက်နှာ(၃)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၂၅၀ ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250



(ဇ) အငှားဝယ်ယူသူသည် ကျန်ငွေပေးချေရန်(၂)လတိတိ ဆက်လက်ပျက်ကွက်နေပါက ဤသဘောတူစာချုပ်ပါ အတိုင်း အငှားရောင်းချသူမှ အငှားရောင်းချထားသည့်မီးစက်ကိုတရားဝင်ပြန်လည်သိမ်းယူမည်ဖြစ်ပြီး၊ အငှားဝယ်ယူသူမှ အငှားရောင်းချသူထံသို့ ကနဦးပေးသွင်းထားသော မီးစက်တန်ဖိုးငွေများအား ပြန်လည်ထုတ်ယူခွင့်ပေးမည်မဟုတ်ကြောင်းကို သိရှိသဘောတူပါသည်။

(ဈ) အငှားဝယ်ယူသူသည် အငှားရောင်းချသူဘက်မှ ပြန်လည်သိမ်းယူထားသောမီးစက်ကို ပြန်လည်ရွေးယူလိုလျှင် မီးစက်သိမ်းယူစဉ်က ကုန်ကျခဲ့သော ကုန်ကျစရိတ်များနှင့် ပေးရန်ကျန်ရှိနေသောငွေကြေးအဝဝကို အပြေအကြေ ပေးချေပြီးမှသာလျှင် ပြန်လည်ရွေးယူနိုင်မည်ဖြစ်ပါသည်။

(ည) မီးစက်အားပြန်လည်သိမ်းဆည်းခြင်းခံရပါက မီးစက်ဝယ်ယူသူမှ အသုံးပြုခဲ့သောနာရီအလိုက် ကျသင့်တန်ဖိုးကို မီးစက်စံငှားရမ်းခနှုန်းထားအတိုင်း ဝယ်ယူသူမှရောင်းချသူသို့ ထပ်မံပေးသွင်းရန် နှစ်ဖက်သဘောတူပါသည်။

(ဋ) အငှားဝယ်မီးစက်အား သတ်မှတ်ထားသော စာချုပ်ကာလအတွင်း ငွေများအပြေအကြေပေးချေရခြင်း မရှိသေးပါက အငှားဝယ်ယူသူသည် ဖော်ပြပါမီးစက်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ တစ်ဆင့်ပြန်လည် ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း၊ အခြားနည်းအရလွှဲပြောင်းခြင်း စသည့်မည်သည့်ကိစ္စကိုမျှ လုပ်ဆောင်ပိုင်ခွင့်မရှိကြောင်း သိရှိသဘောတူပါသည်။

၉။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက Winning Way Co., Ltd. အထွေထွေမန်နေဂျာ (General Manager) နှင့် မီးစက်ဝယ်သူဘက်မှ တာဝန်ယူဆုံးဖြတ်နိုင်သည့် ပုဂ္ဂိုလ် တို့၏ နှစ်ဦးနှစ်ဖက်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို အငှားရောင်းချသူနှင့် အငှားဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိ ကောင်းစွာနားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာ အသုံးပြုခြင်း စသည်တို့လုံးဝကင်းရှင်းလျှက် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

<u>မီးစက်အငှားရောင်းချသူ</u>

ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁)
(for and on behalf of Winning Way Co., Ltd.)

<u>မီးစက်အငှားဝယ်ယူသူ</u>

ဦးထောက်ရှု (၃/မဝတ(နိုင်)၀၀၁၆၄...)
( SHWE SIN CHUE CINEMA )

<u>အသိသက်သေများ</u>

လက်မှတ် – (signature)
အမည် – ဇေယျာထက်
နိုင်ငံသားအမှတ် – ၁၂/လသယ(နိုင်)၁၁၇၈၀၃
နေရပ် – အမှတ်(၁၁၈၄)၊ ဘားအံ-ထုံးအိုင်၊
ထောင်ဝိကွင်း၊ ဘားအံမြို့။

လက်မှတ် – (signature)
အမည် – ဦးတင်ဝင်း
နိုင်ငံသားအမှတ် – 14/ပသန(နိုင်)062609
နေရပ် – [illegible]
[illegible]

လက်မှတ် – (signature)
အမည် – ဦးချစ်ဦးမောင်
နိုင်ငံသားအမှတ် – ၅/ဝလန(နိုင်)၁၂၅၆၁၁
နေရပ် – အမှတ်(၁၁၈၄)၊ ဘားအံ-ထုံးအိုင်၊ ထောင်ဝိကွင်း၊ ဘားအံမြို့။

စာမျက်နှာ(၄)သို့.

CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250

 နောက်ဆက်တွဲ က

## အငှားရောင်းချခြင်းနှင့်စပ်လျဉ်းသည့်ငွေပေးချေခြင်းအသေးစိတ်

၁။ ရောင်းချသည့်မီးစက်အမည်– Brand New Matador Generator MW-70PS (Silent Type) 63KVA (1)Unit

၂။ သတ်မှတ်အငှားရောင်းဈေး–(1)Unitကိုတန်ဖိုးငွေ USD- 13,500/- (USD- Thirteen Thousand and Five Hundred Only) (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်ဈေးနှုန်း) Landed Customer Site ဖြစ်ပါသည်။

၃။ ငွေပေးချေခြင်းစနစ်

1st Payment -(1) Unit အတွက် ပထမအရစ်ကျငွေအဖြစ် USD- 8,175.82/- (USD- Eight Thousand One Hundred and Seventy Five Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် (၁၆–၆–၂၀၂၅) ရက်နေ့တွင် (RV NO. WW-RV-25060014) ဖြင့် ရောင်းချသူ၏ ဘဏ်အဝ်ရုံးသို့ ပေးချေရာ လက်ခံရရှိပြီးဖြစ်ပါသည်။

2st Payment -(1) Unit အတွက် ဒုတိယအရစ်ကျငွေအဖြစ် USD- 1,774.73/- (USD- One Thousand Seven Hundred and Seventy Four Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ်၊ဇူလိုင်လ မီးစက်လွှဲပြောင်းချိန်တွင် ရောင်းချသူ၏ဘဏ်အဝ်ရုံးသို့ပေးချေရန် သဘောတူပါသည်။

3rd Payment -(1) Unit အတွက် တတိယအရစ်ကျငွေအဖြစ် USD- 1,774.73/- (USD- One Thousand Seven Hundred and Seventy Four Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ တွင် ရောင်းချသူ၏ ဘဏ်အဝ်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

Final Payment - (1) Unit အတွက် ကျန်ငွေ USD- 1,774.72/- (USD- One Thousand Seven Hundred and Seventy Four Only) ကို ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ တွင် ရောင်းချသူ၏ ဘဏ်အဝ်ရုံးသို့ ပေးချေရန် သဘောတူပါသည်။

(မှတ်ချက် ။ ။ မီးစက်ဝယ်ယူသူမှ ပေးချေရမည့် ငွေများအားလုံးကို (Winning Way Co.,Ltd Bank Account No. 02150302105481601) သို့ ပေးသွင်းရမည်ဖြစ်ပါသည်။)

၄။ ဝယ်ယူသူမှငွေပေးချေမှုများကို သတ်မှတ်ထားသည့် အငှားရောင်းကာလ စုစုပေါင်း(၃)လအတွင်း (၂၀၂၅ခုနှစ်၊ စက်တင်ဘာလ) နောက်ဆုံးထား၍ ကျန်ငွေများကိုမပျက်မကွက်မှန်မှန် အပြီးအပြတ်အပြေအကြေပေးချေရန် သဘောတူညီကြပါသည်။

၅။ မီးစက်လွှဲပြောင်းချိန် ။ ။ ၂၀၂၅ ခုနှစ်၊ ဇွန်လ။

၆။ မီးစက်လွှဲပြောင်းချိန်တွင် မီးစက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မီးစက်အငှားရောင်းချသူမှ မီးစက်အငှားဝယ်ယူသူသို့ စက်နှင့်အတူတစ်ပါတည်း လွှဲပြောင်းပေးအပ်ရာ လက်ခံရရှိကြောင်း ဝန်ခံကတိပြုပါသည်။

စာမျက်နှာ(၅)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ် — ငွေနှစ်ရာငါးဆယ်ကျပ် — K 250



၇။ အရစ်ကျပေးသွင်းရာတွင် သတ်မှတ်သည့် သဘောတူညီချက်များ –

(က) အရစ်ကျငွေကို သတ်မှတ်ရက်တွင် တိကျစွာပေးချေရန် သဘောတူညီပါသည်။

(ခ) အရစ်ကျပေးရန်ပျက်ကွက်ပါက ပေးပြီးအရစ်ကျငွေများသည် ငှားရမ်းခပင်ဖြစ်သည်ကို နားလည်ပါသည်။

(ဂ) အရစ်ကြေးပေးရန် ပျက်ကွက်ခြင်းကြောင့် အငှားရောင်း ကတိပျက်ကွက်သဖြင့် အငှားရောင်းမီးစက်ကို အငှားရောင်းချသူက ပြန်လည်သိမ်းယူမည်ကို ကောင်းစွာသိရှိနားလည်ပြီး သဘောတူလက်ခံပါသည်။


| <u>မီးစက်အငှားရောင်းချသူ</u> | <u>မီးစက်အငှားဝယ်ယူသူ</u> |
|---|---|
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁) | ဦးထောက်ရှ (၃/မဝတ(နိုင်)၀၀၁၆၄၄) |
| (for and on behalf of Winning Way Co., Ltd.) | ( SHWE SIN CHUE CINEMA ) |

<u>အသိသက်သေများ</u>

လက်မှတ် – 
အမည် – ဖေယျာထက်
နုငသအမှတ် – ၁၂/လသယ(နိုင်)၁၁၇၈၀၃
နေရပ် – အမှတ်(၁၁၈၄)၊ ဘားအံ–ထုံးအိုင်၊ ထောင်ဝိကွင်း၊ ဘားအံမြို့။

လက်မှတ် –
အမည် –
နုငသအမှတ် –
နေရပ် –

လက်မှတ် –
အမည် – ဦးချစ်ဦးမောင်
နုငသအမှတ် – ၅/ဝလန(နိုင်)၁၂၅၆၁၁
နေရပ် – အမှတ်(၁၁၈၄)၊ ဘားအံ–ထုံးအိုင်၊ ထောင်ဝိကွင်း၊ ဘားအံမြို့။




# " ကိုယ်တိုင်ကတိပြုဝန်ခံချက် "

ကျွန်တော် ဦးထောက်ရှ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၃/မဝတ(နိုင်)၀၀၁၆၄၄၊ ဘားအံမြို့တွင် နေထိုင်သူက အောက်ပါ အသိသက်သေများ ရှေ့မှောက်၌ ဤဝန်ခံချက်ကို လက်မှတ်ရေးထိုး ဝန်ခံချုပ်ဆိုပါသည်။

(ကျွန်တော် ဦးထောက်ရှ ဟုဆိုရာ၌ ကျွန်တော်တို့အပြင် ဇနီး/ခင်ပွန်း သား/သမီးများ၊ အမွေစား/ အမွေခံများ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံး ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

၁။ အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသောပစ္စည်းသည် ရန်ကုန်မြို့၊ Winning Way Co., Ltd. ပိုင်ငွေဖြင့်ဝယ်ယူ၍ ကျွန်တော်အား အငှားအဝယ် (Hire Purchase) စနစ်ဖြင့် ယုံကြည်အပ်နှံ အသုံးပြုခွင့်ပေးခြင်းသာ ဖြစ်ကြောင်း ဝန်ခံပါသည်။

၂။ အဆိုပါပစ္စည်းအတွက် ကုမ္ပဏီကသတ်မှတ်ထားသည့် အရစ်ကျတန်ဖိုးငွေများ အပြေအကြေမပေးချေရသေးမီ ကာလတစ်လျှောက်တွင် ပစ္စည်း၏ပိုင်ရှင်မှာ Winning Way Co., Ltd. သာဖြစ်ကြောင်း သိရှိပါသည်။

၃။ (၁)လနှင့်အထက် ငွေပေးချေရန် ပျက်ကွက်ခဲ့ပါက ဝယ်ယူသူမှ Winning Way Co., Ltd. သို့ ငှားရမ်းဝယ်ယူထားသော Brand New Matador Generator MW-70PS (Silent Type) 63KVA (1)Unit တည်ရှိရာနေရာ (သို့မဟုတ်) တည်ရှိသည်ဟု သံသယတည်ရှိရာ နေရာများသို့ သွားရောက်၍ Winning Way Co., Ltd. မှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ၏ အစီအမံဖြင့် ပြန်လည်သိမ်းယူရာတွင် သာယာအေးချမ်းစွာဖြင့် အဆိုပါ Brand New Matador Generator MW-70PS (Silent Type) 63KVA (1)Unit ကို လက်ရောက်အပ်နှံပါမည်ဟု အငှားဝယ်ယူသူ ဝန်ခံကတိပြုပါသည်။ ထိုသို့ Brand New Matador Generator MW-70PS (Silent Type) 63KVA (1)Unit ကို ပြန်လည်သိမ်းယူရာတွင် ကုန်ကျစရိတ် ကျသင့်သောတန်ဖိုးငွေကို အငှားဝယ်ယူသူဘက်မှ ကျခံရမည်ကို သိရှိသဘောတူပါသည်။ ထိုကဲ့သို့ Brand New Matador Generator MW-70PS (Silent Type) 63KVA (1)Unit ပြန်လည်သိမ်းယူသည့်အချိန်၌ အသုံးပြုသုံးစွဲထားသော ကီလိုကုန်ကျစရိတ်တန်ဖိုးသည် ပေးသွင်းထားပြီးသော အရစ်ကျငွေကြေးထက် ပိုမိုနေပါက အဆိုပါတန်ဖိုးငွေကို ထပ်မံပေးသွင်းရမည်ကို သိရှိပါသည်။

၄။ အကယ်၍ ကျွန်တော် သည် ကုမ္ပဏီသို့ ပေးဆပ်ရမည့် အရစ်ကျငွေများကို လစဉ်မှန်ကန်စွာ ပေးသွင်းရန် ပျက်ကွက်ပါက Winning Way Co., Ltd. အနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စသည်တို့အား တိုင်ကြား၍သော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်သော်လည်းကောင်း၊ အချိန်မရွေး၊ နေရာမရွေး ကုမ္ပဏီပိုင်ပစ္စည်းကို လက်ဝယ်ထားရှိသူ၊ မည်သူ့ထံမှမဆို ပြန်လည်သိမ်းယူခွင့်ရှိကြောင်း ဝန်ခံပါသည်။

၅။ ပစ္စည်းတန်ဖိုးပေးသွင်းငွေများ အပြေအကြေပေးဆပ်နိုင်ခြင်းမရှိဘဲ ယင်းကုမ္ပဏီပိုင်ပစ္စည်းအား တစ်နည်းနည်းဖြင့် လွှဲပြောင်း/ရောင်းချ/ပေါင်နှံ/ပေးကမ်းခြင်းပြုမိပါက ယုံကြည်အပ်နှံမှု ဖောက်ဖျက်ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေအရ ၎င်းကုမ္ပဏီမှ အရေးယူခြင်းကို ခံယူပါမည်ဟု ဝန်ခံကတိပြုပါသည်။

၆။ အဆိုပါပစ္စည်းအား အငှားဝယ်စနစ်ဖြင့် အသုံးပြုလျက်ရှိနေစဉ် ကာလတစ်လျှောက် ကျသင့်သောအခွန်အခ၊ ပျက်စီး၍ ပြင်ဆင်ကုန်ကျစရိတ် စသည်တို့ကို မိမိတွင်သာ တာဝန်ရှိကြောင်း သိရှိပါသည်။

၇။ အဆိုပါပစ္စည်းအား အငှားဝယ်စနစ်ဖြင့် အသုံးပြုနေစဉ်ကာလအတွင်း တည်ဆဲဥပဒေနှင့် မလွတ်ကင်းသော ပြုလုပ်မှုတစ်ရပ်ကို ပြုလုပ်မိပါက မိမိတွင်သာ တာဝန်ရှိသည့်အတွက် အဆိုပါကိစ္စအား ပြီးဆုံးပြေလည်သည် အထိ တာဝန်ယူဖြေရှင်းပေးပါမည်ဟု ဝန်ခံပါသည်။

၈။ အကယ်၍ အငှားဝယ်ယူသူမှ အရစ်ကျငွေပေးချေရန် ပျက်ကွက်ပါ အထက်ပါအရောင်းအဝယ်ကိစ္စများကို အာမခံကတိပြုလက်မှတ်ရေးထိုးထားသူ **ဦးတင်ဝင်း** မှ အလုံးစုံတာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းကို သိရှိသဘောတူပါသည်။

စာမျက်နှာ(၂)သို့

CS CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၂၅၀ကျပ် နှစ်ရာ့ငါးဆယ်ကျပ် K 250



၉။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ ဝန်ခံချက်များကို အငှားရောင်းချသူနှင့် အငှားဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည်ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိ ကောင်းစွာနားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာအသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျက် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

ဦးတင်ဝင်း
(၁၄/ဟသတ(နိုင်)၀၆၂၆၀၇)
(အာမခံသူ)

ဦးထောက်ရှူ
(၃/မဝတ(နိုင်)၀၀၁၆၄၄)
(ဝန်ခံကတိပြုသူ)

အသိသက်သေများ

လက်မှတ် -
အမည် - ဖေယျာထက်
နသေအမှတ် - ၁၂/လသယ(နိုင်)၁၁၇၈၀၃
နေရပ် - အမှတ်(၁၁၈၄)၊ ဘားအံ-ထုံးအိုင်၊
ထောင်ဝိကွင်း၊ ဘားအံမြို့။

လက်မှတ် -
အမည် - [illegible]
နသေအမှတ် - ၁၄/ဟသတ(နိုင်)၀၆၂၆၀၉
နေရပ် - [illegible]
- [illegible]